Alexander Pulte: Livingston's Legal ဗွီဒီယိုအစီအစဉ်ကနေ ကြိုဆိုပါတယ်။ ဒီနေ့တော့ အပြောင်းအလဲလေးဖြစ်သွားအောင် ကုမ္ပဏီတည်ထောင်သူနဲ့ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Mark Livingston ကို ဆွေးနွေးဖို့ အလှည့်ပေးလိုက်ကြရအောင်။

Alexander Pulte: Mark ရေ၊ ကြိုဆိုပါတယ်။.

Mark Livingston: ကျေးဇူးတင်ပါတယ်၊ Alexander ရေ။

Alexander Pulte: Mark ရေ၊ ဒီတော့ ကုမ္ပဏီနဲ့ ခင်ဗျားရဲ့အကြောင်းကို နည်းနည်း ထပ်ပြီးတော့ မိတ်ဆက်ပေးပါဦးလား။

Mark Livingston: ကောင်းပါပြီ၊ Livingstons Legal ဆိုတာကတော့ ကော်ပိုရိတ်နဲ့ ကော်မာရှယ်ဆိုင်ရာ ဥပဒေအကြံပေးကုမ္ပဏီငယ်လေးပဲဖြစ်ပါတယ်။ ဒီကုမ္ပဏီကို မြန်မာနိုင်ငံမှာပဲ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိမှာတော့ ရန်ကုန်မြို့နဲ့ မြန်မာနိုင်ငံရဲ့ ဈေးကွက်မှာပဲ အထူးအာရုံပြုလုပ်ကိုင်နေပါတယ်။ ကုမ္ပဏီငယ်လေးဆိုပေမယ့်လည်း ကော်ပိုရိတ်နဲ့ ကော်မာရှယ်ဆိုင်ရာ ဝန်ဆောင်မှုတွေကိုတော့ ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်ပါတယ်။ ကျွန်တော်တို့ အဓိကရောင်းတာကတော့ မြန်မာနိုင်ငံရဲ့ ဈေးကွက်နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ ရင်းနှီးမှု၊ ဒီနိုင်ငံရဲ့ ဥပဒေစည်းမျဉ်းဆိုင်ရာ ပတ်ဝန်းကျင်နဲ့ လုပ်ကိုင်ဆောင်ရွက်ပုံတွေ၊ ဒီလုပ်ကိုင်ဆောင်ရွက်ပုံတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ အမှုသည်တွေကို နည်းပေးလမ်းပြ လုပ်ကိုင်နိုင်စွမ်းတို့ပဲ ဖြစ်ပါတယ်။ ဒီတော့ ဒီစွမ်းရည်တွေကို ကျွန်တော်တို့က ကဏ္ဍတော်တော်များများမှာ အသုံးချနိုင်ပြီး တကယ်လည်း အသုံးချပါတယ်။ အထူးသဖြင့် အထွေထွေကော်ပိုရိတ်၊ ငွေရေးကြေးရေး၊ သဘာဝသယံဇာတ၊ အထူးသဖြင့် သတ္တုတွင်းနဲ့ လယ်ယာကဏ္ဍမှာ အထူးသဖြင့် ဝန်ဆောင်မှုပေးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ အမှုသည်အစားစားရှိပြီးတော့ သူတို့ရဲ့ အခက်အခဲပြဿနာမျိုးစုံနဲ့ ပတ်သက်ပြီး ဝိုင်းဝန်းအဖြေရှာပေးပါတယ်။

Mark Livingston: ကျွန်တော့ရဲ့ ဇာတိကတော့ ဩစတေးလျပါ။ ကျွန်တော်က ဩစတေးလျမှာ ပညာဆည်းပူးခဲ့တဲ့ ရှေ့နေဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ရှေ့နေသက်တမ်း ၁၅ နှစ်ကျော် ရှိပါပြီ။ အာရှမှာ ရှိနေတာ ၈ နှစ်လောက်ရှိပြီးတော့ မြန်မာနိုင်ငံမှာ အချိန်ပြည့် နေလာတာ အခုဆို ၅ နှစ်နီးပါး ရှိသွားပါပြီ။ အထင်ကရ ကုမ္ပဏီတွေရဲ့ ရုံးချုပ်မှာ လုပ်တာအပါအဝင် ကျွန်တော့်ရဲ့ ရှေ့နေသက်တမ်းတစ်ဝက်လောက်ကို ရုံးထိုင်ရှေ့နေအနေနဲ့ လုပ်ခဲ့ပါတယ်။

Mark Livingston: ဒီတော့ ကုမ္ပဏီတစ်ခုမှာ လုပ်မယ်ဆိုရင် လက်တွေ့ဆန်တဲ့ ချဉ်းကပ်မှုနည်းလမ်းနဲ့ လုပ်ငန်းတစ်ခုကို ဖွံ့ဖြိုးတိုးတက်စေမယ့် အချက်ကို ကောင်းကောင်း

သဘောပေါက်နားလည်ထားဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုးနည်းလမ်းတွေကြောင့်သာ အမှုသည်တွေက လိုက်လျောညီထွေနဲ့ လက်တွေ့ဆန်ဆန် ဖြစ်စေလိုတဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးဆဲ စျေးကွက်မှာ ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်တာ ဖြစ်ပါတယ်။ အဆင့်အတန်းမြင့်နည်းပညာစွမ်းဆောင်ရည်နဲ့ ပရောဖက်ရှင်နယ် စံသတ်မှတ်ချက်တွေကို လက်တွေ့ဆန်ပြီး လိုက်လျောညီထွေဖြစ်တဲ့ အမြတ်အစွန်းရနိုင်မှုနည်းလမ်းတွေနဲ့ ပေါင်းစပ်ဝန်ဆောင်မှု ပေးနိုင်လို့ ဂုဏ်ယူမိပါတယ်။

Mark Livingston: ဒီအမြတ်အစွန်းရနိုင်မှုနည်းလမ်းကို ကုမ္ပဏီရဲ့ ဒီအင်အေထဲ စိမ့်ဝင်အောင် ကျွန်တော်ကြိုးစားနေပါတယ်။ ဟိုးအရင်တုန်းက ကျွန်တော်ရုံးထိုင်ရှေ့နေအဖြစ် အလုပ်လုပ်တုန်းက ကျွန်တော့လုပ်ဖော်ကိုင်ဖက် ပြောဖူးတာမှတ်မိပါသေးတယ်။ "Mark ရေ၊ ခင်ဗျားအလုပ်လုပ်တာကို ကျုပ်တို့ သဘောကျတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက ကျုပ်တို့ဘာလုပ်တာလဲဆိုတာကို နားလည်ချင်စိတ်ရှိလို့ပဲ" ။ ဒီလိုချီးကျူးတာကို အဲဒီအချိန်တုန်းကတော့ ကျေနပ်မိတာပေါ့၊ ဒါပေမယ့် ကျွန်တော် အံ့လည်းအံ့ဩမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့အမှုသည် ဘာလုပ်မှန်းနားမလည်ရင် ကျွန်တော့အလုပ်ကို ဘယ်လိုသွားလုပ်မလဲ၊ ဘယ်လိုလုပ်ချင်ပါ့မလဲဆိုတာ ကျွန်တော်တွေးခဲ့မိတယ်၊ အခုထိလည်း တွေးနေတုန်းပါပဲ။

Mark Livingston: အဲဒါကြောင့်လည်း မိမိရဲ့ အမှုသည်ရဲ့ စီးပွားရေးဆိုင်ရာ အဓိကအချက်တွေကိုမှ မသိရင် အလုပ်လုပ်ရာမှာ ဘာအဓိပ္ပါယ်မှ မရှိပါဘူး။ ရှေ့နေအဖြစ်နဲ့ အလုပ်လုပ်နိုင်ဖို့အတွက် အဲဒီစီးပွားရေးဆိုင်ရာ ရှုထောင့်တွေကို သိရှိနားလည်ထားဖို့ လိုအပ်ကြောင်းကို ဒီကနေ့ Livingstons Legal က ကျွန်တော့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဝန်ထမ်းတွေကို ကျွန်တော်အမြဲသင်ပေးတယ်၊

Alexander Pulte: ဟုတ်ကဲ့၊ ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်၊ Mark ရေ။ အာရှနဲ့ အထူးသဖြင့် စျေးကွက်နယ်ပယ်အကြောင်းပြောရင်းနဲ့ မြန်မာနိုင်ငံမှာ ဥပဒေလိုက်နာကျင့်သုံးမှုနဲ့ ပတ်သက်ပြီး နည်းနည်းလောက် ထပ်ပြောပြပါလား။

Mark Livingston: ဟုတ်ကဲ့၊ရပါတယ်။
ကျွန်တော်တို့ ပြောနေတဲ့ အကြောင်းအရာ ကို ဆက်လက်ပြောရင်းနဲ့ စတင်ပြောပါမယ်။
ကျွန်တော့်အထင်ပြောရရင်မြန်မာနိုင်ငံမှာ ကိုယ်ပိုင်လုပ်ငန်း နဲ့ ဥပဒေပိုင်းဆိုင်ရာ ပုဂ္ဂလိက လုပ်ငန်းတွေက

အခြားနိုင်ငံအတော်များများ၊ အထူးသဖြင့် ပိုပြီးဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ ကုမ္ပဏီ တွေမှာ လုပ်တဲ့ ရှေ့နေ တွေနဲ့တူပါတယ်။ ကျွန်တော်တို့ဟာ နေ့ စဉ် ဥပဒေတွေကို စနစ်တကျ လိုက်နာကျင့်သုံးမှု သိပ်မရှိပါဘူး။

ကျွန်တော်တို့ဟာ ပြဿနာဖြေရှင်းမှုတွေ၊ ပြဿနာရပ်စီမံခန့်ခွဲမှုတွေ၊ အထွေထွေစီးပွားရေးဆိုင်ရာအကြံဉာဏ်ပေးခြင်းတွေ၊ ကိုယ်စားပြုဆက်ဆံမှုတွေ အမြောက်အများ ပြုလုပ်ရပါတယ်။ ပြီးတော့ ဟောဒီမြန်မာနိုင်ငံရဲ့ ရှင်းလင်းမှုမရှိတဲ့ တရားစီရင်ရေးကြောင့် ကြုံတွေ့ရတဲ့ ပြဿနာအခက်အခဲတွေမှာ ကျွန်တော်တို့ရဲ့ အမှုသည်တွေကို လမ်းပြဖြေရှင်းပေးရာမှာ လက်တွေ့ဆန်တဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းပေးရပါတယ်။

Mark Livingston: ဒီလိုမကြာခဏကြုံတွေ့ရတဲ့ မရှင်းလင်းမှုက မြန်မာနိုင်ငံရဲ့ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေနဲ့ historical context ကနေ ဆင်းသက်လာတယ်လို့ ထင်ပါတယ်။ ယခင်စစ်အစိုးရလက်ထက်မှာ အချိန်အတော်ကြာပြီးတဲ့နောက် မကြာခင်အချိန်အထိ မြန်မာနိုင်ငံမှာ စနစ်တကျ ဥပဒေလိုက်နာကျင့်သုံးမှု သိပ်မရှိသေးပါဘူး။ ဒီအတွက်ကြောင့် စစ်အစိုးရလက်ထက်မှာတုန်းက အများစု ဆုံးဖြတ်ချက်ချတဲ့အခါ အဲဒီအချိန်မှာ တာဝန်ကျနေတဲ့ ခေါင်းဆောင်တွေက ချမှတ်တဲ့ ဆုံးဖြတ်ချက်တွေပဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံမှာ ဥပဒေအများကြီး ရေးဆွဲထားတာ မရှိသေးပါဘူး။ စနစ်တကျ လိုက်နာအသုံးပြုခြင်းလည်း မရှိခဲ့ပါဘူး။ အခုနောက်ပိုင်း ဒီမိုကရေစီစနစ်ကို ပြောင်းလဲပြီးတဲ့ နောက်ပိုင်းမှာ ဒီအလုပ်ကြွေးကျန်တွေကို အပြတ်ဖြတ်ဖို့ ကြိုးစားနေရဆဲပါ။

Mark Livingston: ဒီအခြေအနေရဲ့ နောက်ထပ်အကျိုးဆက်ကတော့ ဥပဒေရေးဆွဲရာမှာ လိုအပ်ချက် နည်းနည်းရှိနေပါသေးတယ်။ အခု ဥပဒေကို အသေးစိတ် စနစ်တကျ ရေးဆွဲနိုင်တဲ့ အရည်အချင်း သိပ်မရှိသေးပါဘူး။ ဒီအတွက်ကြောင့် ဥပဒေအသစ်တစ်ခု ထွက်လာတဲ့အခါမှာ ရှင်းလင်းသင့်သလောက် ရှင်းလင်းမှုမရှိပါဘူး။ ပြီးတော့ မကြာခဏဆိုသလိုပဲ စည်းမျဉ်းဥပဒေတွေကို အကောင်အထည်ဖော်ရာမှာ အခက်အခဲ အချို့ရှိနေတတ်ပါတယ်။ ပင်မဥပဒေသစ်ထွက်ပြီးတဲ့ နောက်ပိုင်း စည်းမျဉ်းဥပဒေ ထပ်မံထွက်လာဖို့ ကြားမှာ အချိန်အများကြီး ကြာမြင့်တတ်တဲ့အတွက် စည်းမျဉ်းဥပဒေမထွက်လာခင်အချိန်အထိ ဥပဒေသစ်ကို လိုက်နာကျင့်သုံးဖို့ ခဲယဉ်းပါတယ်။

Mark Livingston: ဒီတော့ မြန်မာနိုင်ငံအစိုးရဌာနတွေမှာ ဒီအခြေအနေကို ဖြေရှင်းဖို့ နည်းလမ်းကတော့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ လစ်ဟာမှုတွေကို ဖြည့်ဆည်းဖို့ပါပဲ။ မြန်မာနိုင်ငံက ဝန်ကြီးဌာနတွေနဲ့ အစိုးရအေဂျင်စီတွေမှာ ရေးသားပြဌာန်းထားတဲ့ ဥပဒေအရ

မဟုတ်တဲ့ နည်းလမ်းတွေနဲ့ ပြဿနာကို ဖြေရှင်းကျင့်သုံးပါတယ်။ ဒီနည်းလမ်းတွေကလည်း တည်ဆဲဥပဒေတွေလို ထိရောက်မှုရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြဿနာတစ်ရပ်ပေါ်ပေါက်လာတာနဲ့ ဝန်ကြီးဌာန ဒါမှမဟုတ် အစိုးရအေဂျင်စီတွေဟာ ဒီနည်းလမ်းတွေကိုပဲ ထပ်တလဲလဲ ကျင့်သုံးဖြေရှင်းပါတယ်။ ဒီလိုကျင့်သုံးတာကို ရပ်တန့်ဖို့တောင် ခဲယဉ်းပါလိမ့်မယ်။

Mark Livingston: ဒါပေမယ့် ပြည်သူ့ဝန်ထမ်းတွေကတော့ အုပ်ချုပ်မှုနဲ့ စည်းမျဉ်းဥပဒေနဲ့ ပတ်သက်လို့ စည်းကမ်းအခြေပြုတဲ့ စနစ်သစ်ကို လိုက်လျောညီထွေ ကျင့်သုံးနိုင်ဖို့ ကြိုးစားလာကြတာကိုလည်း တွေ့ရပါတယ်။ ဝန်ကြီးဌာနတွေနဲ့ အစိုးရအေဂျင်စီတွေကိုယ်တိုင်မှာလည်း ပြည်သူ့ဝန်ထမ်းတွေဟာ ဒီရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ စနစ်တကျဥပဒေမူဘောင်ကို နားလည်မှုနဲ့ ရင်းနှီးမှုမှာ အားနည်းနေသေးတာတွေတော့ ရှိပါသေးတယ်။

Mark Livingston: ဒီတော့ မြန်မာနိုင်ငံမှာ ရှိတဲ့ ဥပဒေမူဘောင်တွေနဲ့ ရင်းနှီးမှုရှိဖို့နဲ့ ကျွန်တော်တို့ရဲ့ အမှုသည်မှာ ပြဿနာတစ်ရပ်ရှိလာတဲ့အခါ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပြီး ဖြေရှင်းပေးနိုင်အောင်လို့ ရင်းမြစ်တွေနဲ့ အတွေ့အကြုံတွေရှိခြင်းရဲ့ အရေးပါပုံကို ထပ်မံပြောလိုပါတယ်။ ဒါဟာ အမှုသည်တွေကို ဝန်ဆောင်မှုပေးရာမှာ အဓိကကျပါတယ်။

Alexander Pulte: ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်။

Mark Livingston: ဟုတ်ကဲ့၊ အခုလို မေးမြန်းတဲ့အတွက်နဲ့ ကျွန်တော်တို့ရဲ့ အလုပ်အကြောင်းကို ရှင်းပြခွင့် ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ Livingston's Legal ရဲ့ ပွိုဒ်ကာစ်... 